**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

ညွှန်ကြားချက်အမှတ်၊ ၃ /၂၀၂၂

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့် များကိုကျင့်သုံး၍ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာများနှင့် အရာရှိများ၊ ပြင်ပစာရင်းစစ်များအတွက် သင့်လျော်မှုနှင့်ကျွမ်းကျင်မှုရှိခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို ထုတ်ပြန်လိုက်သည်။

**ညွှန်ကြားချက်နှင့်သက်ဆိုင်သည့်ပုဂ္ဂိုလ်များ**

၂။ (က) ဤညွှန်ကြားချက်သည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအားလုံး၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ အဓိကကျသည့် အကျိုးစီးပွားရှိသူ (အဓိကအစု ရှယ်ယာရှင်များ)၊ ဒါရိုက်တာနှင့်အရာရှိများ၊ ပြင်ပစာရင်းစစ်များနှင့် သက်ဆိုင် စေရမည်၊

(ခ) ဒါရိုက်တာဆိုသည်မှာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာ အဖွဲ့ဝင် များနှင့် ဒါရိုက်တာများကို ဆိုသည်၊

(ဂ) အမှုဆောင်အရာရှိချုပ်ဆိုသည်မှာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အမှုဆောင် အရာရှိချုပ်နှင့် ဒုတိယအမှုဆောင်အရာရှိချုပ် တို့ကိုဆိုသည်၊

(ဃ) အရာရှိဆိုသည်မှာ–

(၁) ငွေရေးကြေးရေးအရာရှိချုပ်၊

(၂) လုပ်ငန်းပိုင်းဆိုင်ရာ အရာရှိချုပ်၊

(၃) ချေးငွေဆိုင်ရာ အရာရှိချုပ်၊

(၄) လိုက်နာဆောင်ရွက်ရေးဆိုင်ရာ အရာရှိချုပ်

(၅) ဌာနတွင်းစာရင်းစစ်ချုပ်နှင့်

(၆) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာ အရာရှိချုပ်

(င) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းဆိုသည်မှာ အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေအရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက တရားဝင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးထားသည့် အဖွဲ့အစည်းကို ဆိုသည်။

**စဉ်ဆက်မပြတ် ကျင့်သုံးရန်ဖြစ်သော သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များ**

၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် သင့်လျော်မှန်ကန်ခြင်း ရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များကို အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အဓိကအစုရှယ်ယာရှင်များ၊ ဒါရိုက်တာနှင့် အရာရှိများအတွက် ကနဦးအမည်စာရင်းတင်သွင်းခြင်း၊ ခန့်အပ်ခြင်း သို့မဟုတ် အတည်ပြုခြင်းများတွင်သာ ကျင့်သုံးရန်မဟုတ်ဘဲ စဉ်ဆက်မပြတ်ကျင့်သုံးရမည်။

၄။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့သည် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ ဒါရိုက်တာနှင့် အရာရှိများအားလုံးသင့်လျော် မှန်ကန်မှုရှိကြောင်း သေချာစေရန် အပြည့်အဝတာဝန်ရှိသည်။

**ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်အား အတည်ပြုခြင်း**

၅။ (က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ဒါရိုက်တာများနှင့်အမှုဆောင်အရာရှိချုပ် ခန့်အပ်ရာတွင် ၎င်းတို့အား မခန့်အပ်မီ ရက်ပေါင်း (၆၀) ကြိုတင်၍ စာဖြင့် ရေးသားပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ အတည်ပြု ချက်ကို တောင်းခံရမည်၊

(ခ) အတည်ပြုချက်တောင်းခံရာတွင် ပုံစံ-၁ နှင့် ပုံစံ-၂ တို့၌ သတ်မှတ်ထားသည့် ခန့်အပ် မည့်သူနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်နှင့် စာရွက်စာတမ်း အထောက် အထားများပါရှိရမည်ဖြစ်ပြီး အောက်ပါအချက်များအနည်းဆုံးပါဝင်ရမည်-

(၁) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်/နိုင်ငံကူးလက်မှတ် အမှတ်၊ နေရပ်လိပ်စာ၊ ပညာအရည်အချင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် လုပ်ငန်းအတွေ့ အကြုံ၊

(၂) ယခင်အလုပ်အကိုင်ရာထူး၊ တာဝန်ဝတ္တရားများနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များ၊

(၃) ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်၏ မိသားစုအမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ ၎င်းမိသားစု၊ ၎င်းမိသားစုနှင့်စပ်ဆိုင်သူများ၏ အသေးစိတ် အချက်အအလက်များ၊ ငွေရေးကြေးရေးဆိုင်ရာအကျိုးစီးပွားများ၊ ၎င်းနှင့် ၎င်း၏မိသားစုများ၏ အမည်ဖြင့် အစုရှယ်ယာပိုင်ဆိုင်မှုများတွင် အဓိက ကျသော အစုရှယ်ယာပိုင်ဆိုင်မှု သို့မဟုတ် အဓိကကျသော လုပ်ပိုင်ခွင့် ရှိ/မရှိ၊

(၄) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွင် ၎င်းနှင့်၎င်း၏ မိသားစုများက ပိုင်ဆိုင်သော အစုရှယ်ယာနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များ၊

(၅) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွင် ၎င်း၏မိသားစုဝင် တစ်ဦးဦးက ဝန်ထမ်းအဖြစ် ဆောင်ရွက်နေခြင်း ရှိ/ မရှိ နှင့် ဆောင်ရွက်နေပါက ၎င်းတို့နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊

(၆) ၎င်းကိုယ်တိုင် သို့မဟုတ် ၎င်း၏မိသားစုများနှင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအကြား သဘောတူညီချက် တစ်ရပ်ရပ် ရယူထားခြင်း သို့မဟုတ် ရယူရန် ရှိ/မရှိနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(၇) အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေနှင့် ညွှန်ကြားချက်အရ ရာထူး ရယူရန် မသင့်လျော်ခြင်း သို့မဟုတ် အရည်အချင်းမပြည့်မီခြင်းမရှိကြောင်း ကိုယ်ရေးဆိုင်ရာ ထုတ်ဖော်ကြေညာချက် ပုံစံ-၁ တွင် သက်ဆိုင်ရာပုဂ္ဂိုလ်မှ ဖော်ပြချက်၊

(၈) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် အခြားအသေးစိတ်အချက်အလက်များ။

(ဂ) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် တင်ပြချက်ကို စိစစ်သုံးသပ်၍ အဆိုပါတင်ပြချက်အား ရက်ပေါင်း (၆၀)အတွင်း အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

**နောက်ခံအချက်အလက်များစစ်ဆေးခြင်း**

၆။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အပိုဒ် ၅ ပါအချက်များအား မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရာတွင် လိုအပ်သည်ဟုယူဆပါက အခြားသောနောက်ခံအချက်အလက်များ စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

**အနည်းဆုံးရှိရမည့်အရည်အချင်း**

၇။ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်နှင့် အရာရှိများအတွက် အနည်းဆုံးရှိရမည့် အရည်အချင်းကို နောက်ဆက်တွဲတွင် ဖော်ပြထားသည်။

**အကဲဖြတ်ခြင်း**

၈။ (က) အကဲဖြတ်ခံရမည့်သူနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များသည် သင့်လျော်မှန်ကန်ခြင်းရှိမှု အကဲဖြတ်ခြင်းကို ထောက်ကူစေရမည်၊

(ခ) ခန့်အပ်ခြင်းခံရမည့်သူထံမှရရှိသည့် သတင်းအချက်အလက်များကို အဓိကအားထားမှု ပြုရမည့် အခြေအနေတွင်ရှိပြီး ယင်းသတင်းအချက်အလက်များသည် အဆိုပါ ပုဂ္ဂိုလ်၏ သင့်လျော်မှန်ကန်ခြင်းရှိမှုကို ဆုံးဖြတ်ရာတွင် အရေးကြီးပါက အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် အဆိုပါ သတင်းအချက်အလက်များကို စိစစ်ရေး အတွက် သီးခြားအရင်းအမြစ်များကို အသုံးပြုနိုင်ရန် လျော်ကန်သောဆောင်ရွက်မှု များပြုရမည်၊

(ဂ) စံသတ်မှတ်ချက်များကို တစ်ခုချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ၎င်းတို့၏ စပ်ဆိုင်သည့်အရေးပါမှုကိုထည့်သွင်းစဉ်းစားခြင်းဖြင့် အကဲဖြတ်ရမည်၊

(ဃ) စံသတ်မှတ်ချက်တစ်ခု မပြည့်မီခြင်းသည် ဤညွှန်ကြားချက်အရ သင့်လျော်မှန်ကန်ခြင်း ရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များ ပြည့်မီခြင်းမရှိဟု ယူဆ၍မရပါ၊

(င) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် ပုဂ္ဂိုလ်တစ်ဦးမှ သီးခြားအချက် အလက်တစ်ရပ်ရပ်ကို ပြည့်မီမှုမရှိခြင်းနှင့်ပတ်သက်၍ အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့သည့် အချိန်ကာလ၊ အဆိုပါဖြစ်ရပ် ပေါ်ပေါက်ရန် ပံ့ပိုးပေးခဲ့သည့် အခြားအချက်များနှင့် ဆုံးရှုံးနိုင်ခြေရှိမှု အလားအလာ ရှုထောင့်မှ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း အပေါ် သက်ရောက်နိုင်သည့် အဆိုပါဖြစ်ရပ်၏ အရေးပါမှုအပါအဝင် သီးခြား အခြေအနေများကို ထည့်သွင်းစဉ်းစားရမည်၊

(စ) အကဲဖြတ်ခြင်းလုပ်ငန်းစဉ်၌ ဆုံးဖြတ်ချက်အတွက် စံသတ်မှတ်ထားသည့် တိုင်းတာမှု တစ်ရပ်ပါဝင်မည်ဖြစ်ပြီး ၎င်းစံသတ်မှတ်မှုတွင် သမာသမတ်ကျမှု၊ အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်းအတွက် အမြဲတမ်းအကျိုးစီးပွား ရှိစေမှုနှင့် အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်းလုပ်ငန်းဆိုင်ရာ ကောင်းမွန်သည့်ကျင့်ဝတ်ရှိမှုတို့အပေါ် အကဲဖြတ် ဆောင်ရွက်ရမည်၊

(ဆ) ဤညွှန်ကြားချက်အရပုဂ္ဂိုလ်များ၏ သင့်တော်ခြင်းနှင့် လျော်ကန်ခြင်းရှိမှုအား အကဲဖြတ်ခြင်းနှင့်စပ်ဆိုင်သည့် သတင်းအချက်အလက်များသည် အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်း၏ကိစ္စရပ်များတွင် ၎င်းတို့၏ လွှမ်းမိုးနိုင်မှုနှင့် တာဝန်ရှိမှု အတိုင်းအတာများပေါ် တွင် မူတည်၍ ကွဲပြားခြားနားနိုင်သည်၊

(ဇ) ပုဂ္ဂိုလ်တစ်ဦး၏သင့်တော်ခြင်းနှင့် မှန်ကန်ခြင်းရှိမှုကိုဆုံးဖြတ်ရာတွင် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းသည် အဆိုပါပုဂ္ဂိုလ်တာဝန်ယူရမည့်ရာထူးတွင် လျော်ကန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပို၍မြင့်မားသော အရည်အချင်း သို့မဟုတ် ဆုံးဖြတ်ချက် ချနိုင်မှုများ လိုအပ်လာနိုင်သည့် ယင်းတာဝန်၏ သဘောသဘာဝ သို့မဟုတ် နယ်ပယ် အရ ကြီးမားသောပြောင်းလဲမှု ရှိ/ မရှိကို စဉ်းစားရမည်။

**သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များ**

၉။ ပုဂ္ဂိုလ်တစ်ဦးအား သင့်လျော်မှန်ကန်ခြင်း ရှိ/မရှိ စစ်ဆေးသည့် စံသတ်မှတ်ချက်များတွင် နယ်ပယ်များကန့်သတ်ထားခြင်းမရှိသော်လည်း အောက်ဖော်ပြပါ အဓိကနယ်ပယ် (၃)ရပ် ပါဝင်သည်-

(က) ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် နာမည်ကောင်းရှိခြင်း၊

(ခ) လုပ်ရည်ကိုင်ရည်နှင့်စွမ်းဆောင်နိုင်ရည်ရှိခြင်း၊

(ဂ) ငွေရေးကြေးရေးခိုင်မာတောင့်တင်းခြင်း၊

**ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့်နာမည်ကောင်းရှိခြင်း**

၁၀။ ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် နာမည်ကောင်းရှိခြင်းတို့မှာ အချိန်ကြာလာသည်နှင့်အမျှ ထင်ရှားလာသည့်တန်ဖိုးများဖြစ်၍ အောက်ဖော်ပြပါ လုပ်ရပ်များကိုကျူးလွန်ခဲ့ဖူးသည့် သို့မဟုတ် အကျင့်လက္ခဏာများရှိသည့် ပုဂ္ဂိုလ်များ မပါဝင်စေရ-

(က) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားစွဲဆိုမှုခံရ နိုင်သောအခြေအနေသို့ ရောက်ရှိနိုင်သည့်စည်းကမ်းပိုင်းဆိုင်ရာ သို့မဟုတ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရဖွယ်ရှိကြောင်း သို့မဟုတ် စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ်ခံရဖွယ်ရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်၏ အသိပေးခံရခြင်း၊

(ခ) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ မရိုးသားမှု၊ အရည်အချင်းမပြည့်မီမှု သို့မဟုတ် မသမာမှုတို့ကြောင့် အများပြည်သူ၏ ငွေရေးကြေးရေးဆိုင်ရာ ဆုံးရှုံးမှုကို ကာကွယ်ရန် ထုတ်ပြန်ထားသည့် ဥပဒေတစ်ရပ်ရပ်၏ ပြဋ္ဌာန်းချက် သို့မဟုတ် ယင်းဥပဒေအရ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုချိုးဖောက်ခြင်း၊

(ဂ) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်း၊ ကျွမ်းကျင်မှုဆိုင်ရာအဖွဲ့အစည်း၊ အစိုးရ သို့မဟုတ် အစိုးရအဖွဲ့ အစည်းတစ်ရပ်က ချမှတ်ထားသည့် သတ်မှတ်ချက်များနှင့် စံနှုန်းများကို ချိုးဖောက်ခြင်း၊

(ဃ) ထိန်းချုပ်ထားသည့် အကျိုးစီးပွားရှိသော သို့မဟုတ် သိသာထင်ရှားသည့် လွှမ်းမိုးမှုပြုနိုင်သော စီးပွားရေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့အစည်း၊ တရားရုံး သို့မဟုတ် ခုံသမာဓိရုံးမှ အများပြည်သူရှေ့ သို့မဟုတ် သီးသန့်တစ်ဦးချင်း စုံစမ်းစစ်ဆေးခံရခြင်း၊ ဥပဒေအရပြစ်ဒဏ်ချမှတ်ခံရခြင်း၊ ယာယီဆိုင်းငံ့ခံရခြင်း သို့မဟုတ် အပြစ်ပေးခံရခြင်း၊

(င) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လိမ်လည်သော၊ နိုင်ထက်စီးနင်းကျသော သို့မဟုတ် အခြားမမှန်ကန်သော (ဥပဒေအရ တရားဝင် ဖြစ်စေ/ တရားမဝင်ဖြစ်စေ) သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်ကို ထိခိုက်စေသော လုပ်ငန်းဆောင်ရွက်မှုအလေ့အထများတွင် ပါဝင်ပတ်သက်ဖူးခြင်း၊

(စ) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ၎င်း၏ရိုးသား ဖြောင့်မတ်မှုနှင့် ဂုဏ်သိက္ခာ အပေါ် သံသယဖြစ်ဖွယ်ရှိမှုများကြောင့် ယုံကြည်အပ်နှံမှုအတွက် အလုပ်ခန့်ထား ခံရခြင်း သို့မဟုတ် ရာထူးခန့်ထားခံရခြင်း၊ ယုံကြည်အပ်နှံခံရသည့် အခြေအနေတွင် ရှိခြင်း သို့မဟုတ် အလားတူရာထူးခန့်အပ်ခြင်းများမှ ထုတ်ပယ်ခံရခြင်း၊ နုတ်ထွက်ရန် တောင်းဆိုခံရခြင်း သို့မဟုတ် နုတ်ထွက်ရခြင်း၊

(ဆ) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုချက်ပေးခြင်း၊ အဖွဲ့ဝင်အဖြစ်ခွင့်ပြုခြင်း သို့မဟုတ် ကုန်သွယ်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုခု လုပ်ဆောင်နိုင်ရန် လိုင်စင်ထုတ်ပေးခြင်း များကို ငြင်းပယ်ခံရသော သို့မဟုတ် အဆိုပါမှတ်ပုံတင်ခြင်း၊ ခွင့်ပြုချက်ပေးခြင်း၊ အဖွဲ့ဝင်အဖြစ်ခွင့်ပြုခြင်း သို့မဟုတ် ရရှိပြီးလိုင်စင်ကို ပြန်လည် ရုပ်သိမ်းခံရခြင်း၊ ဖယ်ရှားခံရခြင်း၊ သို့မဟုတ် အခြားစီးပွားရေးအဖွဲ့အစည်းများတွင် ပိုင်ဆိုင်မှုရှိခြင်း သို့မဟုတ် စီမံခန့်ခွဲနိုင်သည့်အနေအထားရှိခြင်းတို့ဖြင့် ဆက်နွယ်ခြင်း၊

(ဇ) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စီးပွားရေးလုပ်ငန်း တစ်ရပ်နှင့်ဆက်စပ်မှု ရှိခဲ့ရာတွင် အဆိုပါစီးပွားလုပ်ငန်းသည် ပစ္စည်းထိန်းခန့်အပ်ခံရခြင်း၊ လူမွဲအဖြစ် ခံယူခြင်း သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သည့်စာရင်း ရှင်းလင်းဖျက်သိမ်းခြင်း စသည့် အခြေအနေများတွင် စီမံခန့်ခွဲမှုတာဝန်ရှိသည့် ရာထူးတစ်ခု၌ တာဝန်ထမ်း ဆောင်ခဲ့ခြင်း၊

(ဈ) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံး သို့မဟုတ် အခြားအခွင့်အာဏာ ရှိသော အာဏာပိုင်အဖွဲ့အစည်းမှ ဖျက်သိမ်းဆဲ သို့မဟုတ် ဖျက်သိမ်းပြီးဖြစ်သော စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လိုင်စင် ရုပ်သိမ်းခံရသော ငွေကြေးအဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ သို့မဟုတ် စီမံခန့်ခွဲမှုတွင် တိုက်ရိုက်တာဝန်ရှိသူတစ်ဦးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ခြင်း၊

(ည) ယခင်က မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ၎င်း၏ ဆက်သွယ်ဆောင်ရွက်သူ၊ အလုပ်ရှင်၊ စာရင်းစစ်နှင့် ကြပ်မတ်ကွပ်ကဲသော အာဏာပိုင်များနှင့် ပတ်သက်၍ မမျှတစွာ သို့မဟုတ် မရိုးဖြောင့်စွာဆောင်ရွက်ခဲ့ခြင်း၊

(ဋ) မည်သည့်အချိန်တွင်မဆို မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ် ကွပ်ကဲရေးအာဏာပိုင်များနှင့် ကြီးမားသောဆန့်ကျင်ကွဲလွဲမှုရှိခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်လိုသောဆန္ဒမရှိခြင်း၊ အခွန်ဆိုင်ရာ သတ်မှတ်ချက်များနှင့် တာဝန်ရှိမှုများကို လိုက်နာခြင်းအပါအဝင် ဥပဒေဆိုင်ရာ၊ ကြပ်မတ်ကွပ်ကဲရေး ဆိုင်ရာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သတ်မှတ်ချက်နှင့်စံနှုန်းများကို လိုက်နာခြင်း ပြုရန် ပျက်ကွက်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခု၏ ကျရှုံးမှုတွင် သိသာထင်ရှားစွာပါဝင်ခဲ့ခြင်း၊

(င) မည်သည့်အချိန်တွင်မဆို မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ထိရောက်သောဌာနတွင်းထိန်းချုပ်မှုစနစ်များနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထိန်းသိမ်းရာတွင် ကြီးမားသော ဆန့်ကျင်ကွဲလွဲမှုကို ပြသခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်လိုသောဆန္ဒမရှိခြင်း၊

(စ) အရေးကြီးသောအကျိုးစီးပွားပဋိပက္ခဖြစ်စေနိုင်သည့် သို့မဟုတ် ရာထူးလုပ်ပိုင်ခွင့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍအပေါ်တွင် ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် ဆုံးဖြတ်ချက်ကို ချမှတ်ရန် သက်ရောက်မှုရှိစေနိုင်သည့် စီးပွားရေးလုပ်ငန်း သို့မဟုတ် အခြားဆက်နွယ်မှုတစ်ခုခုနှင့်ပတ်သက်ခြင်း။

**လုပ်ရည်ကိုင်ရည်နှင့်စွမ်းဆောင်နိုင်ရည်ရှိခြင်း**

၁၁။ (က) ပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းတာဝန်များကိုထိရောက်စွာထမ်းဆောင်ရာ၌ လုပ်ငန်းနှင့်ပတ်သက်သည့် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များ၊ ဆက်ခံရရှိသည့် ဆုံးရှုံးနိုင်ခြေများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို နားလည်နိုင်ရန် သက်ဆိုင်သည့် အရည်အချင်း၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို ပိုင်ဆိုင်သည့်လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်ရည်ရှိကြောင်း သက်သေပြနိုင်ရမည်၊

(ခ) လုပ်ရည်ကိုင်ရည်နှင့်စွမ်းဆောင်နိုင်ရည်ရှိမှုတို့ကို ဆုံးဖြတ်သတ်မှတ်ရာတွင် အောက်ပါအချက်အလက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) ၎င်းရာထူး၏အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအရလည်းကောင်း၊ ဒါရိုက်တာဖြစ်ပါက အခြားကတိကဝတ်ထားရှိမှုများအရလည်းကောင်း ထိရောက်စွာဖြည့်ဆည်းဆောင်ရွက်နိုင်ရန် သင့်လျော်သော အရည်အချင်း၊ ကျွမ်းကျင်မှု၊ လက်တွေ့လုပ်ငန်းအတွေ့အကြုံနှင့် ကတိကဝတ်ထားရှိမှုများ ရှိ/မရှိ၊

(၂) ယခင် ထမ်းဆောင်ခဲ့ဖူးသည့်လုပ်ငန်း၏ သဘောသဘာဝအရ ကျေနပ်ဖွယ်ရှိသည့် ဆောင်ရွက်ချက် သို့မဟုတ် ကျွမ်းကျင်မှု ရှိ/မရှိ၊

(၃) ရာထူးအရအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံ လမ်းညွှန်ချက်များကို နောက်ဆက်တွဲတွင် ဖော်ပြထားသော်လည်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအရာရှိများ၏ သင့်တော်ခြင်းနှင့်လျော်ကန်ခြင်း ရှိမှုကို သေချာ

စေရန်ဆောင်ရွက်ရာတွင် ဒါရိုက်တာအဖွဲ့သည် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏လိုအပ်ချက်များအတွက် သီးသန့်အရည်အချင်းနှင့် လုပ်ငန်း အတွေ့အကြုံများကို ချမှတ်နိုင်မှုရှိရမည်။

**ငွေရေးကြေးရေးခိုင်မာတောင့်တင်းခြင်း**

၁၂။ ပုဂ္ဂိုလ်တစ်ဦးသည် အရာရှိ ရာထူးတစ်ခုကိုရယူခြင်းတွင် အခြားစံသတ်မှတ်ချက်များ ပြည့်မီပါက ငွေရေးကြေးရေးအခြေအနေ အကန့်အသတ်ရှိမှုကြောင့် ငွေရေးကြေးရေး ခိုင်မာတောင့်တင်းမှု အရည်အချင်းမပြည့်မီကြောင်း မဆုံးဖြတ်သင့်ဘဲ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပါမည်-

(က) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ငွေရေးကြေးရေးပေးဆပ်ရန် တာဝန်များကို အချိန်ကျရောက်သည့်အခါ ဖြည့်ဆည်းခြင်းနှင့်ဆက်လက် ဖြည့်ဆည်းနိုင်ခြင်း ရှိ/မရှိ၊

(ခ) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြွေးမြီပေးဆပ်ရန် တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ခံရခြင်း သို့မဟုတ် လူမွဲအဖြစ်ခံယူရန် တရားစွဲဆို ခံနေရခြင်း ရှိ/မရှိ။

**ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း**

၁၃။ ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိတစ်ဦးသည် အောက်ပါအချက်များအရ ၎င်း၏ရာထူးတွင် ဆက်လက်ထမ်းဆောင်ခွင့် မရှိစေရ-

(က) ဤညွှန်ကြားချက်အရ သင့်လျော်မှန်ကန်ခြင်း ရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များကို ပြည့်မီရန် စွမ်းဆောင်နိုင်မှုမရှိခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အဆိုပါရာထူးခန့်အပ်မှုအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက် ရယူထားမှုမရှိခြင်း၊

၁၄။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိတစ်ဦးအား အဆိုပါ ရာထူးတွင် တာဝန်ထမ်းဆောင်ရန် သင့်လျော်မှန်ကန်ခြင်း မရှိဟု သိရှိသည့်နေ့မှ (၃၀) ရက်အတွင်း တာဝန်မှ ထုတ်ပယ်ရမည်ဖြစ်ပြီး အရေးယူဆောင်ရွက်ပြီးနောက် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ စာဖြင့်ရေးသား၍ တင်ပြရမည်။

၁၅။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအနေဖြင့် ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိတစ်ဦးသည် သင့်လျော်မှန်ကန်ခြင်းမရှိဟု သတ်မှတ်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ ပုဒ်မ ၄၄ အရ အဆိုပါပုဂ္ဂိုလ်ကို အကြောင်းကြားစာတွင် ဖော်ပြထားသော ကာလအတွင်း ထုတ်ပယ်ရန် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအား စာဖြင့်

ရေးသား၍ ညွှန်ကြားနိုင်ပြီး အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အလုပ်ခန့်အပ်သည့် ကန်ထရိုက်စာချုပ် သို့မဟုတ် အခြားပြဋ္ဌာန်းထားသည့် ဥပဒေများတွင် မည်သို့ပင်ပါစေကာမူ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၆။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် ဤညွှန်ကြားချက် အပိုဒ် ၁၄ နှင့် ၁၅ ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ခြင်းဖြစ်သည်။

**အမိကကျသည့် အစုရှယ်ယာရှင်များ**

၁၇။ (က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အဓိကကျသည့်အစုရှယ်ယာရှင် အားလုံးသည် သင့်လျော်မှန်ကန်ခြင်းရှိရမည်။

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အဓိကကျသည့် အစုရှယ်ယာရှင် မည်သူမဆို သင့်လျော်မှန်ကန်ခြင်းမရှိပါက အဓိကကျသည့်အစုရှယ်ယာရှင်အဖြစ် ဆက်လက်မရပ်တည်စေရ၊

(ဂ) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက်အရ သင့်လျော်မှန်ကန်ခြင်းရှိမှု ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်မကိုက်ညီသည့် အဓိက အစုရှယ်ယာရှင်ကို အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပုဒ်မ ၄၄ ပုဒ်မခွဲ (ဃ) အား ကျင့်သုံး၍ အရေးယူဆောင်ရွက်နိုင်သည်။

**ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း**

၁၈။ ဤညွှန်ကြားချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကို ဖောက်ဖျက်ခြင်းဖြစ်၍ ပုဒ်မ ၄၄ အရ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည်။

**အကျိုးသက်ရောက်ခြင်း**

၁၉။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ (၁၂)လအတွင်း အကျိုးသက်ရောက်စေ ရမည်။

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက- ၁/ ၆ ( ၂၁၈ /၂၀၂၂)
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေ လ ၁၁ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

ညွှန်ကြားရေးမှူးများ၊ အထက်မြန်မာပြည်/ အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများ၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

၁၁/၅/၂၀၂၂

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပုံစံ-၁

## ကိုယ်ရေးဆိုင်ရာထုတ်ဖော်ကြေညာချက်လျှောက်လွှာပုံစံ

## (လျှောက်ထားသူမှ ဖြည့်သွင်းရန်)

၁။ ဤပုံစံ ဖြည့်သွင်းခြင်းနှင့် သက်ဆိုင်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအမည်

..............................................................................................................................

..............................................................................................................................

၂။ လျှောက်ထားသူ၏ အမည်အပြည့်အစုံ ..............................................................................

..............................................................................................................................

..............................................................................................................................

၃။ မိသားစုအမည်(များ) နှင့် အများသိရှိသည့် မိသားစု အမည်ရှေ့မှ ကိုယ်ပိုင်အမည် (ရှိလျှင်)

..............................................................................................................................

..............................................................................................................................

၄။ ဤပုံစံဖြည့်သွင်းရခြင်းနှင့် သက်ဆိုင်သည့် ရာထူးအဆင့်အတန်း (ဥပမာ-ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိ)..............................................................................

..............................................................................................................................

ကိုယ်ရေးမှတ်တမ်းအကျဉ်း မိတ္တူတစ်စောင်ကိုပူးတွဲတင်ပြရန် ..........................................

..............................................................................................................................

၅။ မွေးဖွားသည့်နေရာ နှင့် ရက်စွဲ..............................................................................

၆။ (က) နိုင်ငံသား(နိုင်ငံ) (ခ) နေထိုင်ရာ အရပ်(နိုင်ငံ)

စတင်နေထိုင်သည့် ခုနှစ် စတင်နေထိုင်သည့် ခုနှစ်

၇။ လိပ်စာများ-

(က) လက်ရှိလုပ်ငန်းလိပ်စာ

..............................................................................................................................

..............................................................................................................................

(ခ) လက်ရှိနေထိုင်သည့်လိပ်စာ

..............................................................................................................................

..............................................................................................................................

(ဂ) လွန်ခဲ့သည့်(၁၀)နှစ် အတွင်း နောက်ဆုံးနေထိုင်သည့် လိပ်စာ(၂)ခု

......................................................................................................................................

......................................................................................................................

၈။ အသက်မွေးဝမ်းကျောင်းနှင့် ပညာရပ်ဆိုင်ရာ အရည်အချင်းများ

အကြောင်းအရာ ရရှိခဲ့သည့် ခုနှစ်

......................................................................................................................................

......................................................................................................................

(က) အမြင့်ဆုံးပညာရပ်ဆိုင်ရာ အရည်အချင်း

......................................................................................................

......................................................................................................

(ခ) အထူးဆု ချီးမြှင့်ခံရမှု သို့မဟုတ် ဂုဏ်ပြုခံရမှု(ရှိလျှင်)

......................................................................................................

......................................................................................................

(ဂ) တက်ရောက်ခဲ့သည့် သင်တန်းများနှင့် ဆွေးနွေးပွဲများ

......................................................................................................

......................................................................................................

(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မှု

......................................................................................................

......................................................................................................

၉။ အလုပ်အကိုင် သို့မဟုတ် အလုပ်ခန့်ထားခံရမှု (လက်ရှိ သို့မဟုတ် လက်ရှိ မတိုင်မီနှင့် လွန်ခဲ့သော (၁၀)နှစ် အတွက် )

| အလုပ်ရှင်အမည်နှင့် လုပ်ငန်း | ထမ်းဆောင်ခဲ့သည့်ရာထူး | (ရက်၊လ၊နှစ်)<br>စတင်သည့်နှစ် |
|---|---|---|
| ........................................ | ........................................ | .............................. |
| ........................................ | ........................................ | .............................. |

၁၀။ လွန်ခဲ့သော (၁၀)နှစ်အတွင်း မိမိ လုပ်ကိုင်ခဲ့သော လုပ်ငန်း၊ လုပ်ငန်းရှင်များ၏ အမည်နှင့် နေရပ်လိပ်စာများ-

......................................................................................................................................

......................................................................................................................

၁၁။ ဒါရိုက်တာ၊ အရာရှိ၊ အစုရှယ်ယာရှင် သို့မဟုတ် မန်နေဂျာတစ်ဦးအဖြစ် လက်ရှိဆောင်ရွက်နေသည့် (အဆိုပြုအဖွဲ့အစည်းမဟုတ်) ကော်ပိုရေးရှင်းများ၊ သက်ဆိုင်သည့်နေ့ရက်များကို ဖော်ပြရန်။

..............................................................................................................................

..............................................................................................................................

၁၂။ လွန်ခဲ့သော (၁၀)နှစ်အတွင်း အချိန်ကာလအလိုက် ဒါရိုက်တာ၊ အစုရှယ်ယာရှင်၊ ကြီးကြပ်ကွပ်ကဲသူ သို့မဟုတ် မန်နေဂျာတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည့် ကော်ပိုရေးရှင်းများ (အဆိုပြု အဖွဲ့အစည်းနှင့် အထက်တွင်ဖြည့်သွင်းခဲ့သည့် အဖွဲ့အစည်းများမပါ)၊ သက်ဆိုင်သည့် နေ့ရက်များကိုဖော်ပြရန်။

..............................................................................................................................

..............................................................................................................................

၁၃။ မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားတစ်နေရာတွင်ဖြစ်စေ ရုံး သို့မဟုတ် အလုပ်ခန့်ထားမှု တခုခုမှ ထုတ်ပယ်ခံရခြင်း သို့မဟုတ် အလုပ်ရှင်၏ စည်းကမ်းပိုင်းဆိုင်ရာ တရားစွဲဆိုခံရခြင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်း သို့မဟုတ် အလုပ်အကိုင်တစ်ခုခုသို့ ဝင်ရောက် လုပ်ကိုင်ခြင်းမှ တားဆီးခံရခြင်းရှိပါသလား။ ရှိခဲ့ပါက အသေးစိတ် အချက်အလက်များ ဖော်ပြရန်။

..............................................................................................................................

..............................................................................................................................

၁၄။ ယခင်နှင့် လက်ရှိကာလ စီးပွားရေးလုပ်ငန်း နှင့် ဆက်နွယ်မှုများ (တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍)

| လုပ်ငန်းသဘော သဘာဝ | ဆက်နွယ်မှု၏သဘာဝ (ဥပမာ ဒါရိုက်တာ၊ အရာရှိ၊ အစုရှယ်ယာရှင် နှင့် ၎င်းပိုင်ဆိုင်သည့် ရာခိုင်နှုန်းစသည်များကို ဖော်ပြရန်) | ရက်၊လ၊ နှစ်(မှ -အထိ) |
|---|---|---|
| ......................... | ....................................................... | ......................... |
| ......................... | ....................................................... | ......................... |

၁၅။ အထက်ပါစီးပွားရေးလုပ်ငန်းနှင့် ဆက်နွယ်မှုများမှ တစ်ရပ်ရပ်သည် အဆိုပြုအဖွဲ့အစည်းနှင့် လုပ်ငန်းဆက်စပ်မှုရှိပါသလား။ (ရှိပါက အသေးစိတ်အချက်အလက်များ ဖော်ပြရန်။)

..............................................................................................................................

..............................................................................................................................

အမည်

(က)ဇနီး/ခင်ပွန်း

.............................................................................................................................................................

.............................................................................................................................................

(ခ)သားသမီးများ

.............................................................................................................................................................

.............................................................................................................................................

(ဂ)မိဘများ

.............................................................................................................................................................

.............................................................................................................................................

(ဃ)ညီအစ်ကိုမောင်နှမများ

.............................................................................................................................................................

.............................................................................................................................................

၂၀။ မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားတစ်နေရာရာတွင်ဖြစ်စေ တရားရုံးတခုခု၏ အမိန့်အရ စီရင်ဆုံးဖြတ်ခံရသည့် ကြွေးမြီပေးဆပ်ရန်တာဝန်ရှိသူတစ်ဦးအနေနှင့် အချိန်စေ့ရောက်သော ပေးဆပ်ရန်ဖြစ်သည့် ကြွေးမြီတစ်ရပ်ရပ်ကို ပေးချေရန်ပျက်ကွက်မှုရှိပါသလား။ သို့မဟုတ် လွန်ခဲ့သော (၁၀)နှစ်အတွင်း မိမိ၏မြီရှင်များနှင့် ကြွေးမြီညှိနှိုင်းမှု အစီအစဉ်တစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့မှု ရှိပါသလား။ ရှိပါက အသေးစိတ်အချက်အလက်များကို ဖော်ပြပါရန်။

.............................................................................................................................................................

.............................................................................................................................................

၂၁။ မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားတစ်နေရာတွင်ဖြစ်စေ တရားရုံးတစ်ခု၏ လူမွဲအဖြစ်ခံယူရန်ဆုံးဖြတ်ချက်ချမှတ်ခံယူမှုအရ သို့မဟုတ် လူမွဲအဖြစ်ကြွေးမြီများပေးဆပ်ရေးအတွက် တရားရုံး၏စီမံခန့်ခွဲမှုရယူရန် လျှောက်ထားမှုအရ တာဝန်များကို ထမ်းဆောင်လျက်ရှိပါသလား။ ရှိပါက အသေးစိတ်အချက်အလက်များကိုဖော်ပြရန်။

.............................................................................................................................................................

.............................................................................................................................................

၂၂။ မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားတစ်နေရာရာတွင်ဖြစ်စေ ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း သို့မဟုတ် ကော်ပိုရေးရှင်းမဟုတ်သည့် အဖွဲ့အစည်းတစ်ခုခု၏ ဖွဲ့စည်းမှု သို့မဟုတ် စီမံအုပ်ချုပ်မှုနှင့် ဆက်စပ်မှုရှိခဲ့ပြီး အဆိုပါအဖွဲ့အစည်း သို့မဟုတ် အဆိုပါအဖွဲ့အစည်း၏အဖွဲ့ဝင်များသို့ လိမ်လည်မှု၊

အရှိန်အဝါအလွဲသုံးစားပြုမှုတစ်ရပ်ရပ် သို့မဟုတ် ဥပဒေနှင့်မညီသော အခြားပြုမှု ဆောင်ရွက်မှုများအတွက် တရားမဥပဒေအရ ပေးရန်တာဝန်ကို တရားရုံးတစ်ရပ်ရပ်မှ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရမှုရှိပါသလား။ ရှိပါက အသေးစိတ်အချက်အလက်များကို ဖော်ပြရန်။

..............................................................................................................................................................................................

..............................................................................................................................................................

၂၃။ ဒါရိုက်တာ၊ အစုရှယ်ယာရှင်၊ ကြီးကြပ်ကွပ်ကဲသူ သို့မဟုတ် မန်နေဂျာတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သော ကော်ပိုရိတ်၊ အစုစပ်လုပ်ငန်း သို့မဟုတ် ကော်ပိုရေးရှင်းမဟုတ်သည့် အဖွဲ့အစည်းတစ်ခုခုသည် ၎င်းတာဝန်ထမ်းဆောင်နေစဉ်အတွင်း သို့မဟုတ် တာဝန်ထမ်းဆောင်မှု ရပ်စဲခဲ့ပြီးနောက် တစ်နှစ်အတွင်း မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားတစ်နေရာရာတွင်ဖြစ်စေ ဖျက်သိမ်းခံရခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာအမိန့်တစ်ရပ်ချမှတ်ခံရခြင်း၊ အခြားနည်းဖြင့် ၎င်း၏မြီရှင်များနှင့် ကြွေးမြီညှိနှိုင်းမှု သို့မဟုတ် ကြွေးမြီစီစဉ်မှု တစ်ရပ်ရပ်ပြုလုပ်ခြင်း သို့မဟုတ် ရောင်းဝယ်မှု ရပ်ဆိုင်းခံရခြင်း သို့မဟုတ် အခြားစီရင်ပိုင်ခွင့်တစ်ရပ်ရပ်၏ဥပဒေများအရ အထက်ပါကိစ္စတစ်ခုခုနှင့် အလားသဏ္ဌာန်တူသည့် ကိစ္စတစ်ခုခုဖြစ်ပေါ်ခဲ့ခြင်း ရှိပါသလား။ ရှိပါက အသေးစိတ်အချက်အလက်များကို ဖော်ပြရန်။

..............................................................................................................................................................................................

..............................................................................................................................................................

၂၄။ အဖွဲ့အစည်းတစ်ရပ်ရပ်၌ မိမိပါဝင်ဆောင်ရွက်လျက်ရှိသောအချိန်တွင် ကိစ္စရပ်တစ်ခုခု၏ ဖြစ်ရပ်ကြောင့် မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားတစ်နေရာတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲမှုအဖွဲ့အစည်းတစ်ရပ်ရပ်၏ တိုက်တွန်းမှုအရ တရားရုံးတစ်ခု၏အမိန့်ဖြင့် အပြစ်တင်ခံရမှု၊ အနာဂတ်တွင်ဆောင်ရွက်မည့် အပြုအမူများအတွက် သတိပေးခံရမှု၊ စည်းကမ်းပိုင်းဆိုင်ရာကြပ်မတ်ခံရမှု သို့မဟုတ် လူသိရှင်ကြားဝေဖန်မှု ပြုခြင်းခံရသောကိစ္စရပ်များတွင် စီမံအုပ်ချုပ်မှု သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်မှုရှိပါသလား။ ရှိပါက အသေးစိတ်အချက်အလက်များကို ဖော်ပြရန်။

..............................................................................................................................................................................................

..............................................................................................................................................................

၂၅။ တာဝန်များကိုထမ်းဆောင်ရာတွင် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်၏ လမ်းညွှန်ချက် များအရ ဆောင်ရွက်ရခြင်းရှိပါသလား။ ရှိပါက အသေးစိတ်အချက်အလက်များကို ဖော်ပြရန်။

..............................................................................................................................................................................................

..............................................................................................................................................................

၂၆။ အဆိုပြုအဖွဲ့အစည်းနှင့်တွဲဖက်၍ တစ်ဦးချင်း သို့မဟုတ် ဆက်နွယ်သူအနေဖြင့် စီးပွားရေး လုပ်ကိုင်ခြင်းရှိပါသလား။ ရှိပါက အသေးစိတ်အချက်အလက်များကို ဖော်ပြရန်။

---

---

၂၇။ အဆိုပြုအဖွဲ့အစည်းတွင် မိမိအမည်ဖြင့် သို့မဟုတ် ဆက်နွယ်သူများ၏ အမည်ဖြင့် အစုရှယ်ယာမည်မျှကို မှတ်ပုံတင်ထားပါသနည်း။ မှတ်ပုံတင်ထားပါက မှတ်ပုံတင်ထားသည့် အမည်(များ)နှင့် အစုရှယ်ယာအမျိုးအစားကို ဖော်ပြရန်။

---

---

၂၈။ အဆိုပြုအဖွဲ့အစည်းတွင် မိမိအမည်ဖြင့် သို့မဟုတ် ဆက်နွယ်သူများ၏ အမည်ဖြင့် မှတ်ပုံတင်ထားခြင်းမရှိဘဲ မိမိ သို့မဟုတ် မိတ်ဖက်လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတစ်ရပ်ရပ်မှ အစုရှယ်ယာမည်မျှကို အကျိုးစီးပွားခံစားခွင့်ရှိပါသနည်း။

---

---

၂၉။ အဆိုပြုအဖွဲ့အစည်းတွင် မိမိ သို့မဟုတ် ဆက်နွယ်သူတစ်ဦးဦးက ယုံကြည်အပ်နှံခံရသူ သို့မဟုတ် ကိုယ်စားပြုသူအဖြစ် အစုရှယ်ယာတစ်ရပ်ရပ်ကို ပိုင်ဆိုင်မှုရှိပါသလား။ ရှိပါက အသေးစိတ်အချက်အလက်များကိုဖော်ပြရန်။

---

---

၃၀။ အပိုဒ် ၂၇၊ ၂၈ နှင့် ၂၉ မေးခွန်းများကို ဖြေကြားထားသော အဆိုပြုအဖွဲ့အစည်းတွင် ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦး/အဖွဲ့အစည်းတစ်ရပ်သို့ ပိုင်ဆိုင်မှုအရ သို့မဟုတ် ဥပဒေအရ ပိုင်ဆိုင်မှုပေးခြင်းဖြင့် ပေါင်နှံထားခြင်း သို့မဟုတ် အာမခံထား၍ ပေါင်နှံခြင်း ရှိပါသလား။ ရှိပါက အသေးစိတ်အချက်အလက်များကို ဖော်ပြရန်။

---

---

၃၁။ မိမိ သို့မဟုတ် ဆက်နွယ်သူတစ်ဦးဦးက အဆိုပြုအဖွဲ့အစည်း သို့မဟုတ် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်သော အခြားကော်ပိုရေးရှင်း၏ အထွေထွေအစည်းအဝေးတစ်ရပ်တွင် မဲပေးပိုင်ခွင့်ကို ကျင့်သုံးရန် သို့မဟုတ် ထိန်းချုပ်ရန် မဲပေးပိုင်ခွင့် အမျိုးအစား မည်မျှရှိပါသနည်း။

---

---

၃၂။ တရားရုံးအမှုကိစ္စများ၏ အမှုမှတ်တမ်း သို့မဟုတ် အစိုးရဌာန၊ အသက်မွေးဝမ်းကျောင်းအဖွဲ့အစည်း သို့မဟုတ် အခြားကြပ်မတ်ကွပ်ကဲရေးဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်၏ စုံစမ်းစစ်ဆေးခြင်းတစ်ရပ် (ဆိုင်းငံ့ထားသောကိစ္စနှင့် နောင်ဖြစ်လာနိုင်သောကိစ္စ သို့မဟုတ် စုံစမ်းစစ်ဆေးနေဆဲကိစ္စ များအပါအဝင်)-

တရားရုံး၏အမည် သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အဆင့်အတန်းအသေးစိတ် အချက်အလက်အပြည့်အစုံကိုပါ ဖော်ပြရန်။

---

---

၃၃။ စာရွက်စာတမ်းအထောက်အထားသတ်မှတ်ချက်များ-

(က) မှန်ကန်ကြောင်းလက်မှတ်ရေးထိုးထားသည့် ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ဖော်ပြချက်၊

(ခ) နောက်ဆုံးအခွန်ထမ်းဆောင်ထားသည့် တရားဝင်အထောက်အထား သို့မဟုတ် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဝင်ငွေခွန်ကြေညာလွှာမိတ္တူမှန်၊

(ဂ) ဆွေမျိုးသားချင်းမဟုတ်သည့် မိမိနှင့် ပုဂ္ဂိုလ်ရေးအရ အနည်းဆုံး (၁၀) နှစ် သိကျွမ်းသည့် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ အကျင့်စာရိတ္တနှင့် ပတ်သက်သည့်ထောက်ခံချက်စာ (၂)စောင်၊

(ဃ) လွန်ခဲ့သော(၅)နှစ်အတွင်း မိမိနှင့် ဆက်စပ်မှုရှိသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ မိမိ၏လက်ရှိနှင့် ယခင်လုပ်ငန်းစွမ်းဆောင်မှုအခြေအနေနှင့် စပ်လျဉ်း၍ တရားဝင်လက်မှတ်ရေးထိုးထားသည့် ထောက်ခံစာများ။

၃၄။ အဆိုပြုပုဂ္ဂိုလ်သည် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ပြည့်မီမှု ရှိ/မရှိအား အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ဆုံးဖြတ်ရာတွင် အထောက်အကူပြုနိုင်သည့် အခြားသော သတင်းအချက်အလက်များကို တင်ပြရန်။

---

---

**ထုတ်ဖော်ကြေညာချက်**

ကျွန်ုပ်သည် ဤပုံစံတွင် ပါဝင်သော သတင်းအချက်အလက်များနှင့် ဤပုံစံနှင့်အတူပူးတွဲတင်ပြသည့် သတင်းအချက်အလက်များအား မိမိသိရှိသမျှ၊ မိမိတွင်ရှိသည့် အချက်အလက်နှင့် ယုံကြည်ချက်များအရ ပြည့်စုံ၍မှန်ကန်စွာ ဖြည့်သွင်းထားကြောင်းနှင့် ဤလျှောက်လွှာနှင့်

စပ်လျဉ်းသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ သိရှိသင့်သည့် အခြား အချက်အလက်များကို ထိန်ချန်ထားခြင်းမရှိကြောင်း တရားဝင်ဖော်ပြအပ်ပါသည်။

ကျွန်ုပ်သည် အထက်အချက်အလက်များနှင့် ပတ်သက်၍ အရေးပါသော ပြောင်းလဲမှု တစ်ရပ်ရပ် ရှိခဲ့ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ အသိပေး တင်ပြမည် ဖြစ်ကြောင်း ကတိပြုပါသည်။

......................ရက်နေ့တွင် ..........................................................မြို့၌

ကျမ်းသစ္စာကျိန်ဆိုပါသည်။

................................................ ............................................ အမည်

လက်ခံမည့်ရာထူး

................................................ ............................................

လက်မှတ် ရက်စွဲ

ဤထုတ်ဖော်ကြေညာချက်ပါ အကြောင်းအရာများကို ကျွန်ုပ်မှ သိရှိ၍ နားလည်ပြီး အဆိုပါ ထုတ်ဖော်ကြေညာချက်ကို ကျမ်းကျိန်ဆိုမှုပြုပါသည်။

..................................ရက်နေ့တွင် ....................................မြို့၌

ကျမ်းသစ္စာကျိန်ဆိုပါသည်။

................................................ ............................................

ကျမ်းကျိန်ဆိုသူ၏ လက်မှတ် ရာထူး

ကျမ်းကျိန်ဆိုသူမှ ကျမ်းကျိန်လွှာပါ အချက်အလက်များကို သိရှိနားလည်ပါသည်။

ကျွန်ုပ်၏ ရှေ့မှောက်တွင်

................................................

ကျမ်းသစ္စာချပေးသည့် အရာရှိ

ပုံစံ-၂

## သတင်းအချက်အလက်ဖြည့်သွင်းလွှာ
## (အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှဖြည့်သွင်းရန်)

၁။ အမည် -

၂။ လျှောက်ထားသူ၏ အများသိရှိသည့် ယခင်အမည်(များ)(ရှိလျှင်) -

၃။ အဓိကစီးပွားရေးလုပ်ငန်း -

၄။ ရုံးချုပ်/ အဓိကရုံး -

(က) လိပ်စာ -

(ခ) ဖုန်းနံပါတ် -

(ဂ) ဖက်(စ်)နံပါတ် -

၅။ ရုံးခွဲများ

| လိပ်စာ | ဖွင့်လှစ်သည့်ရက်စွဲ |
|---|---|
| __________ | __________ |
| __________ | __________ |
| __________ | __________ |

လက်အောက်ခံအဖွဲ့အစည်းများ၊ ဆက်နွယ်သည့် အဖွဲ့အစည်းများ -

| လုပ်ငန်းအမည်နှင့်အမျိုးအစား | ပိုင်ဆိုင်သည့်အစုရှယ်ယာပမာဏ | ပိုင်ဆိုင်သည့်အစုရှယ်ယာ ရာခိုင်နှုန်း |
|---|---|---|
| __________ | __________ | __________ |
| __________ | __________ | __________ |

၆။ စီမံခန့်ခွဲမှု

ဒါရိုက်တာအဖွဲ့ဝင်များ -

| အမည် | ရာထူး | လက်ရှိရာထူးသက်တမ်း | ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည့် နှစ်အရေအတွက် |
|---|---|---|---|
| .................... | .................... | .................... | .................... |
| .................... | .................... | .................... | .................... |
| .................... | .................... | .................... | .................... |
| .................... | .................... | .................... | .................... |

အဓိကကျသော အရာရှိများ -

| အမည် | ရာထူး | အရာရှိအဖြစ်ဆောင်ရွက်သည့် နှစ်အရေအတွက် |
|---|---|---|
| .................... | .................... | .................... |
| .................... | .................... | .................... |

၇။ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့်အကျဉ်းချုပ်ဖော်ပြချက်(၅%နှင့်အထက်ပိုင်ဆိုင်သူများအတွက်)

| စဉ် | အမည် | နိုင်ငံသားခံယူထားသည့်နိုင်ငံ | နေထိုင်ရာဒေသ | ထည့်ဝင်ပြီးမတည်ငွေရင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| (က) | ...................... | ........................... | ........................... | ...................... | ................ |
| (ခ) | ...................... | ........................... | ........................... | ...................... | ................ |

အစုရှယ်ယာပိုင်ဆိုင်မှု ၅% အောက်ပိုင်ဆိုင်သော

အခြားအစုရှယ်ယာရှင်များ (အရေအတွက်_________) __________ __________

စုစုပေါင်း __________ __________

၈။ ဦးပိုင်ကုမ္ပဏီ/စီးပွားရေးအုပ်စု၏ သတင်းအချက်အလက် (ရှိလျှင်)

(က) အစုရှယ်ယာပိုင်ဆိုင်မှုရာခိုင်နှုန်းကို ဖော်ပြသည့် စီးပွားရေးအုပ်စုတစ်ခုလုံးနှင့် သက်ဆိုင်သည့် ဖွဲ့စည်းမှုဇယား၊

(ခ) ဦးပိုင်ကုမ္ပဏီ၏ အဓိကကျသည့် အစုရှယ်ယာပိုင်ရှင်များ၊ ဒါရိုက်တာများနှင့် အရာရှိများ၊

(ဂ) စီးပွားရေးအုပ်စုတွင် ပါဝင်သည့် ကုမ္ပဏီများ၏ အကျဉ်းချုပ်ဖော်ပြချက်၊

(ဃ) စီးပွားရေးအုပ်စုတစ်ခုလုံးနှင့် သက်ဆိုင်သည့် နောက်ဆုံးစာရင်းစစ်ဆေးပြီးသည့် ဘဏ္ဍာရေးရှင်းတမ်းကို ပူးတွဲတင်ပြရန်။

၉။ အခြားငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အဆိုပြုဦးပိုင်ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအုပ်စု၏ အစုရှယ်ယာပိုင်ဆိုင်မှုများ-

| ငွေရေးကြေးရေးအဖွဲ့အစည်း၏ အမည် | ပိုင်ဆိုင်သည့် အစုရှယ်ယာပမာဏ | အရေအတွက် | မတည်ရင်းနှီးငွေ၏ ရာခိုင်နှုန်း |
|---|---|---|---|
| ........................................ | ................................ | ...................... | ...................... |
| ........................................ | ................................ | ...................... | ...................... |
| ........................................ | ................................ | ...................... | ...................... |

**ထုတ်ဖော်ကြေညာချက်**

ကျွန်ုပ်တို့သည် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ အကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ အဓိကကျသည့် အကြောင်းခြင်းရာတစ်ခုတွင် မှားယွင်းသည့် သို့မဟုတ် အထင်အမြင်လွဲမှားစေသည့် သတင်းအချက်အလက်တစ်ရပ်ရပ်ကို သိလျက်နှင့်သော်လည်းကောင်း၊ ပေါ့ဆမှုဖြင့်သော်လည်းကောင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်းမပြုကြောင်း တရားဝင် ဖော်ပြအပ်ပါသည်။

ကျွန်ုပ်တို့သည် ဤပုံစံတွင်ပါဝင်သော သတင်းအချက်အလက်များနှင့် ဤပုံစံနှင့်အတူပူးတွဲ တင်ပြသည့် သတင်းအချက်အလက်များအား မိမိသိရှိသမျှ၊ မိမိတွင်ရှိသည့် အချက်အလက်နှင့် ယုံကြည်ချက်များအရ ပြည့်စုံ၍မှန်ကန်စွာ ဖြည့်သွင်းထားကြောင်းနှင့် ဤအကဲဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ သိရှိသင့်သည့် အခြားအချက်အလက်များကို ထိန်ချန်ထားခြင်း မရှိကြောင်း တရားဝင်ဖော်ပြအပ်ပါသည်။

ကျွန်ုပ်တို့သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ အကဲဖြတ်ခြင်းကို ဆောင်ရွက်နေစဉ်အတွင်း အထက်ပါ အချက်အလက်များနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် အရေးပါသောပြောင်းလဲမှု တစ်ရပ်ရပ်ကို အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ အသိပေးတင်ပြမည်ဖြစ်ကြောင်း ကတိပြုပါသည်။

.......................................... ရက်နေ့တွင် ..........................................................................................မြို့၌ ကျမ်းသစ္စာကျိန်ဆိုပါသည်။

၁။ .......................................... ..........................................................................................

အမည် လက်ခံမည့်ရာထူး

.......................................... ..........................................................................................

လက်မှတ် ရက်စွဲ

၂။ .......................................... ..........................................................................................

အမည် လက်ခံမည့်ရာထူး

.......................................... ..........................................................................................

လက်မှတ် ရက်စွဲ

ကျမ်းကျိန်ဆိုသူမှ ကျမ်းကျိန်လွှာပါ အချက်အလက်များကို သိရှိနားလည်ပါသည်။

ကျွန်ုပ်၏ရှေ့မှောက်တွင်

..........................................................................

ကျမ်းသစ္စာချပေးသည့် အရာရှိ

နောက်ဆက်တွဲ

ပညာအရည်အချင်း၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်း၊ လုပ်ငန်းအတွေ့အကြုံများနှင့် သက်ဆိုင်သည့်
**လမ်းညွှန်ချက်**

**ဒါရိုက်တာ**

လျှောက်ထားသူသည် အနည်းဆုံး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

၁။ **ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း**

(က) မြန်မာနိုင်ငံ သို့မဟုတ် ပြည်ပတွင် တရားဝင်အသိအမှတ်ပြုထားသည့် စာရင်းကိုင်၊ စီးပွားရေး သို့မဟုတ် စီးပွားရေးစီမံခန့်ခွဲမှု အထူးပြုဘာသာရပ်ဖြင့် ဘွဲ့ သို့မဟုတ် မဟာဘွဲ့ရရှိထားသူ သို့မဟုတ် စာရင်းကိုင်နှင့် ဘဏ္ဍာလုပ်ငန်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်နှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းလက်မှတ်ရရှိထားသူ၊ သို့မဟုတ်

(ခ) ဘဏ္ဍာလုပ်ငန်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းတွင် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ လိုက်နာဆောင်ရွက်ရေးစီမံခန့်ခွဲမှု၊ ချေးငွေနှင့်ငွေထုတ်ချေးသည့် လုပ်ငန်းအတွေ့အကြုံနှင့် ဘဏ္ဍာစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လက်တွေ့နှင့် အစဉ်တစိုက် ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိသူ။

၂။ **လုပ်ငန်းအတွေ့အကြုံ**

- အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အခြားအဖွဲ့အစည်းများတွင် လုပ်ငန်း အတွေ့အကြုံအနည်းဆုံး ၅ နှစ်ရှိသူ။

၃။ **အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ**

- အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ လိုက်နာဆောင်ရွက်ရေးစီမံခန့်ခွဲမှု၊ ချေးငွေနှင့် ငွေထုတ်ချေးသည့် လုပ်ငန်းအတွေ့အကြုံနှင့် စာရင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အသိပညာဗဟုသုတရှိခြင်း၊
- အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေအပါအဝင် သက်ဆိုင်ရာဥပဒေများ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်သော စည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ ညွှန်ကြားလွှာနှင့် လမ်းညွှန်ချက်များအား သိရှိနားလည်ခြင်း။

## အမှုဆောင်အရာရှိချုပ်

လျှောက်ထားသူသည် အနည်းဆုံး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

### ၁။ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း

(က) မြန်မာနိုင်ငံ သို့မဟုတ် ပြည်ပတွင် တရားဝင်အသိအမှတ်ပြုထားသည့် စာရင်းကိုင်၊ စီးပွားရေး သို့မဟုတ် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘွဲ့ သို့မဟုတ် မဟာဘွဲ့ ရရှိထားသူ သို့မဟုတ် အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ စာရင်းကိုင်နှင့် စီမံခန့်ခွဲမှုတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြု လက်မှတ်နှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းလက်မှတ်ရရှိထားသူ၊ သို့မဟုတ်

(ခ) လက်ရှိ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသေးစား ငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်း၊ စာရင်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ လိုက်နာဆောင်ရွက်ရေးစီမံခန့်ခွဲမှု၊ ချေးငွေနှင့်ငွေထုတ်ချေး သည့် လုပ်ငန်းအတွေ့အကြုံနှင့် စာရင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လက်တွေ့ နှင့် အစဉ်တစိုက် ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိသူ။

### ၂။ လုပ်ငန်းအတွေ့အကြုံ

- အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းကဏ္ဍတွင် အဆင့်ဆင့်စီမံ ခန့်ခွဲမှု အတွေ့အကြုံ အနည်းဆုံး ၅ နှစ် ရှိရမည်ဖြစ်ပြီး နောက်ဆုံး ၃ နှစ်၌ ဆုံးဖြတ်ခွင့် အာဏာရှိသော စီမံခန့်ခွဲမှုတွင် တာဝန်ထမ်းဆောင်ခဲ့သူ။

### ၃။ အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ

- အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ ငွေရေးကြေးရေးနှင့် စာရင်းကိုင်မူဝါဒ၊ လက်တွေ့ ကျင့်ထုံးများ၊ ၎င်းတို့နှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို နှံ့စပ်စွာသိရှိခြင်း၊
- ငွေရေးကြေးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်မှုတွင် မြင့်မားသော အသိပညာဗဟုသုတရှိခြင်း၊
- ခိုင်မာသောခေါင်းဆောင်မှု၊ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှု ဆိုင်ရာ ကျွမ်းကျင်မှုများရှိခြင်း၊
- စီးပွားရေးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်မှုကို ရွေးချယ် ဖော်ထုတ်ခြင်း၊ တိုးတက်အောင်ပြုလုပ်ခြင်းနှင့်စီမံညွှန်ပြခြင်း၊
- အဖွဲ့အစည်း၏ရည်မှန်းချက်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် စီစဉ်ခြင်းနှင့် ညွှန်ပြခြင်းပြုနိုင်သည့်စွမ်းဆောင်ရည်ရှိခြင်း၊

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုကို အာရုံစူးစိုက် ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန် ချမှတ်ထားနိုင်သူဖြစ်ခြင်း၊
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ မျှော်မှန်းချက်ကို သတ်မှတ်ခြင်းနှင့် ရှင်းလင်းစွာ ခွဲခြား သိမြင်နိုင်ခြင်း၊ စွမ်းရည်ရှိပြီး အဆိုပါမျှော်မှန်းချက်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော မဟာဗျူဟာများကို ချမှတ်ခြင်း၊
- စီပွားရေးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ စီမံချက်ချမှတ်နိုင်မှုနှင့် ငွေရေးကြေးရေး ဆိုင်ရာ ကြီးကြပ်နိုင်မှုတို့တွင် အောင်မြင်မှုမှတ်တမ်းများရှိခြင်း၊
- ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်နှစ်ခုလုံးတွင် မြင့်မားသော ကိုယ်ကျင့်တရားအဆင့်အတန်းနှင့် ဂုဏ်သိက္ခာရှိခြင်း၊
- အထူးကောင်းမွန်သော ရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင်ရွက် နိုင်မှုဆိုင်ရာ တို့တွင် ကျွမ်းကျင်မှုရှိခြင်း။

## လုပ်ငန်းပိုင်းဆိုင်ရာအရာရှိချုပ်

လျှောက်ထားသူသည် အနည်းဆုံး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

၁။ **ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း**

(က) မြန်မာနိုင်ငံ သို့မဟုတ် ပြည်ပတွင် တရားဝင်အသိအမှတ်ပြုထားသည့် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ သို့မဟုတ် မဟာဘွဲ့ အထူးသဖြင့် စာရင်းကိုင်၊ စီးပွားရေး သို့မဟုတ် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘာသာရပ်ဖြင့် ဘွဲ့ရရှိသူ သို့မဟုတ် သက်ဆိုင်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်နှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းလက်မှတ်ရရှိထားသူ၊ သို့မဟုတ်

(ခ) လက်ရှိ လုပ်ငန်းပိုင်းဆိုင်ရာအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ လိုက်နာဆောင်ရွက်ရေးစီမံခန့်ခွဲမှု၊ ချေးငွေနှင့် ငွေထုတ်ချေးသည့် လုပ်ငန်းအတွေ့အကြုံနှင့် စာရင်းဆိုင်ကိစ္စရပ်များနှင့် ပတ်သက်၍ လက်တွေ့နှင့် အစဉ်တစိုက်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိသူ။

၂။ **လုပ်ငန်းအတွေ့အကြုံ**

- ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အဆင့်ဆင့်စီမံခန့်ခွဲမှုတွင် အတွေ့အကြုံ ၅ နှင့် ဆုံးဖြတ်ခွင့်အာဏာရှိသော အဆင့်တွင် အနည်းဆုံး ၃ နှစ်ရှိသူ၊
- အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုတို့တွင် ခိုင်မာသည့် နောက်ခံအကြောင်းရှိသူ၊
- အမျိုးမျိုးသော အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃ နှစ်ရှိသူ။

၃။ **အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ**

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုစနစ်များနှင့် အကျွမ်းတဝင်ရှိခြင်း၊
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ကွန်ပျူတာစနစ်၊ လေ့လာဆန်းစစ်ခြင်း၊ မူဝါဒနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ လုပ်ငန်းဗဟုသုတရှိခြင်း၊
- အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ နယ်ပယ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ပညာရပ်ဆိုင်ရာဗဟုသုတရှိခြင်း၊

- အသေးစားငွေရေးကြေးရေးလုပ်ငန်း၏ စီမံခန့်ခွဲမှု၊ လိုက်နာဆောင်ရွက်မှု၊ ဆုံးရှုံးနိုင်ခြေရှိမှု၊ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များအားလုံးတွင် ကောင်းမွန်သော ဗဟုသုတရှိခြင်း
- အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေအပါအဝင် သက်ဆိုင်ရာဥပဒေများ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှထုတ်ပြန်သော စည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ ညွှန်ကြားလွှာနှင့် လမ်းညွှန်ချက်များအား သိရှိနားလည်ခြင်း။
- အထူးကောင်းမွန်သော စီမံခန့်ခွဲမှုနှင့်ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်မှုများရှိခြင်း။
- အထူးကောင်းမွန်သော နည်းပညာပိုင်းဆိုင်ရာနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု ဆိုင်ရာပြဿနာဖြေရှင်းနိုင်မှု စွမ်းရည်ရှိခြင်း၊
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အရာရှိနှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကို တိုးတက်စေမှုနှင့် တည်ဆောက်မှု ပြုနိုင်သည့် စွမ်းဆောင်ရည်ရှိခြင်း၊
- ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်နှစ်ခုလုံးတွင် မြင့်မားသော ကိုယ်ကျင့်တရားအဆင့်အတန်းနှင့် ဂုဏ်သိက္ခာရှိခြင်း၊
- အထူးကောင်းမွန်သော ရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှုဆိုင်ရာတို့တွင် ကျွမ်းကျင်မှုရှိခြင်း။

## လိုက်နာဆောင်ရွက်ရေးအရာရှိချုပ်

လျှောက်ထားသူသည် အနည်းဆုံး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

၁။ **ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း**

(က) မြန်မာနိုင်ငံ သို့မဟုတ် ပြည်ပတွင် တရားဝင်အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ သို့မဟုတ် မဟာဘွဲ့ အထူးသဖြင့် စာရင်းကိုင်၊ ဥပဒေနှင့် စီးပွားရေးဆိုင်ရာ ဘာသာရပ်များဖြင့်ဘွဲ့ရရှိသူ သို့မဟုတ် သက်ဆိုင်သော စာရင်းကိုင်နှင့် ဥပဒေနှင့်ပတ်သက်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြု လက်မှတ်နှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းလက်မှတ်ရရှိထားသူ၊ သို့မဟုတ်

(ခ) လက်ရှိ လိုက်နာဆောင်ရွက်ရေးဆိုင်ရာအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ လိုက်နာဆောင်ရွက်ရေးစီမံခန့်ခွဲမှု၊ ချေးငွေနှင့် ငွေထုတ်ချေးသည့် လုပ်ငန်းအတွေ့အကြုံနှင့် စာရင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လက်တွေ့နှင့် အစဉ်တစိုက်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိသူ။

၂။ **လုပ်ငန်းအတွေ့အကြုံ**

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၊ ဘဏ်နှင့် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အခြားအဖွဲ့အစည်းများတွင် ကြပ်မတ်ကွပ်ကဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရေး၌ ၃ နှစ် အတွေ့အကြုံရှိသူ။

၃။ **အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့်လုပ်ငန်းစွမ်းဆောင်ရည်များ**

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ပတ်သက်သည့်မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများတွင် အသိပညာ ဗဟုသုတရှိခြင်း၊
- အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေအပါအဝင် သက်ဆိုင်ရာ ဥပဒေများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ဥပဒေများ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်သော စည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ ညွှန်ကြားလွှာနှင့် လမ်းညွှန်ချက်များအား သိရှိနားလည်ခြင်း။

- အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းဆိုင်ရာစည်းမျဉ်း စည်းကမ်းများကို နားလည်နိုင်စွမ်းနှင့် အသုံးချနိုင်စွမ်းရှိခြင်း၊
- အစိုးရနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေဆိုင်ရာ စာရွက်စာတမ်းများကို ဖတ်ရှု၍ အဓိပ္ပါယ်ကိုရှင်းပြ နိုင်စွမ်းရှိခြင်း၊
- ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ ပြဿနာရပ်များကိုဖော်ထုတ်ခြင်း၊ ဖြေရှင်းခြင်းနှင့် ကာကွယ်ခြင်းပြုနိုင်သည့် စွမ်းဆောင်ရည်ရှိသူဖြစ်ကြောင်း သက်သေပြနိုင်ခြင်း၊
- သတင်းအချက်အလက်များကို ထိရောက်စွာ အစီရင်ခံတင်ပြမှုနှင့် ကြပ်မတ်ကွပ်ကဲရေးဆိုင်ရာ သတ်မှတ်ချက်များကို တုံ့ပြန်ဆောင်ရွက်မှုပြုနိုင်သည့် စွမ်းဆောင်ရည်ရှိခြင်း၊
- နိုင်မာသောခွဲခြမ်းစိတ်ဖြာသုံးသပ်မှု၊ သုတေသနပြုမှု၊ အစီအစဉ်ရေးဆွဲမှု၊ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ရှိခြင်း၊
- သက်ဆိုင်သည့်ဥပဒေများ၊ စည်းမျဉ်းများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်း များကို လိုက်နာကျင့်သုံးကြောင်း သေချာစေရန်နှင့် လိုက်နာဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဖြေရှင်းချက်များကိုဖော်ထုတ်ရန် ကတိတာဝန် ထားရှိခြင်း၊
- ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်နှစ်ခုလုံးတွင် မြင့်မားသော ကိုယ်ကျင့်တရားအဆင့်အတန်းနှင့် ဂုဏ်သိက္ခာရှိခြင်း
- အထူးတလည်ကောင်းမွန်သော ရေးသားမှု၊ ပြောဆိုမှုနှင့်ဆက်သွယ်ဆောင်ရွက်နိုင်မှုဆိုင်ရာတို့တွင် ကျွမ်းကျင်မှုရှိခြင်း။

## ငွေရေးကြေးရေးအရာရှိချုပ်

လျှောက်ထားသူသည် အနည်းဆုံး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

**၁။ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း**

(က) မြန်မာနိုင်ငံ သို့မဟုတ် ပြည်ပတွင် တရားဝင်အသိအမှတ်ပြုထားသည့် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ သို့မဟုတ် မဟာဘွဲ့ အထူးသဖြင့် စာရင်းကိုင် ဘာသာရပ်ဖြင့် ဘွဲ့ရရှိသူ သို့မဟုတ် စာရင်းကိုင်နှင့်ပတ်သက်သော အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိထားသူ၊ သို့မဟုတ်

(ခ) လက်ရှိ ငွေရေးကြေးရေးအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ လိုက်နာဆောင်ရွက်ရေး စီမံခန့်ခွဲမှု၊ ချေးငွေနှင့် ငွေထုတ်ချေးသည့်လုပ်ငန်း အတွေ့အကြုံနှင့် စာရင်းဆိုင်ရာကိစ္စရပ် များနှင့်ပတ်သက်၍ လက်တွေ့နှင့် အစဉ်တစိုက်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံ ရှိသူ။

**၂။ လုပ်ငန်းအတွေ့အကြုံ**

- ဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ငွေရေးကြေးရေးဝန်ဆောင်မှု ပေးသည့် အခြားအဖွဲ့အစည်းများတွင် သက်ဆိုင်သည့် အသက်မွေးဝမ်း ကျောင်းရာထူး၌ လုပ်ငန်း အတွေ့အကြုံအနည်းဆုံး ၅ နှစ်ရှိသူ၊
- ဘတ်ဂျက်ရေးဆွဲခြင်း၊ ဆုံးရှုံးနိုင်ခြေဆိုင်ရာစီမံခန့်ခွဲခြင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန် တာဝန်များကို စီမံခန့်ခွဲခြင်းဆိုင်ရာတို့တွင် လုပ်ငန်းအတွေ့အကြုံ ရှိသူ၊
- ထပ်ဆင့်တိုးစာရင်းကိုင် (Progressive accounting) နှင့် ငွေရေးကြေးရေး ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများနှင့် စပ်လျဉ်းသည့် အတွေ့အကြုံရှိသူ၊
- ဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အခြားအဖွဲ့အစည်းများတွင် ငွေရေးကြေးရေးအရာရှိအဖြစ် လုပ်ငန်းအတွေ့အကြုံ ရှိသူ။

**၃။ အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ**

- မြန်မာနိုင်ငံစာရင်းကိုင်စံများ၊ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ စာရင်းကိုင်စနစ်များနှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတရှိခြင်း၊

- နိုင်ငံတကာဘဏ္ဍာရေးအစီအရင်ခံခြင်းဆိုင်ရာ စံများနှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတရှိခြင်း (ဦးစားပေး စဉ်းစားရန်ဖြစ်သည်)၊
- ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲမှုတွင် ကျွမ်းကျင်မှုရှိခြင်း၊
- မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဆိုင်ရာဥပဒေရေးရာနှင့် ကြပ်မတ်ကွပ်ကဲမှုဆိုင်ရာ မူဘောင်တို့နှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတရှိခြင်း၊
- အထူးကောင်းမွန်သော ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်သည့် ကျွမ်းကျင်မှုနှင့် မဟာဗျူဟာ ကျကျတွေးခေါ်နိုင်မှု စွမ်းရည်ရှိခြင်း၊
- ငွေရေးကြေးရေးဆိုင်ရာ ပညာရှင်များကို စီမံခန့်ခွဲမှုနှင့် စီမံကိန်း စီမံခန့်ခွဲမှုတွင် အထူး ကောင်းမွန်သော ကျွမ်းကျင်မှုရှိခြင်း၊
- ဘဏ္ဍာရေးအခြေအနေကို ခွဲခြားထုတ်ဖော်ခြင်းနှင့် စီမံခန့်ခွဲမှုအဖွဲ့သို့ ထိရောက်စွာ အစီရင်ခံတင်ပြခြင်းနှင့်ကြပ်မတ်ကွပ်ကဲရေးဆိုင်ရာ သတ်မှတ်ချက်များကို တုံ့ပြန် ဆောင် ရွက်ခြင်းပြုနိုင်သည့် စွမ်းရည်ရှိခြင်း၊
- ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်နှစ်ခုလုံးတွင် မြင့်မားသော ကိုယ်ကျင့် တရားအဆင့်အတန်းနှင့် ဂုဏ်သိက္ခာရှိခြင်း၊
- အထူးကောင်းမွန်သောရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှုဆိုင်ရာ တို့တွင် ကျွမ်းကျင်မှုရှိခြင်း။

## ငွေဆိုင်ရာအရာရှိချုပ်

လျှောက်ထားသူသည် အနည်းဆုံး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

၁။ **ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း**

(က) မြန်မာနိုင်ငံ သို့မဟုတ် ပြည်ပတွင် တရားဝင်အသိအမှတ်ပြုထားသည့် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ သို့မဟုတ် မဟာဘွဲ့ အထူးသဖြင့် စာရင်းကိုင် ဘာသာရပ်ဖြင့် ဘွဲ့ရရှိသူ သို့မဟုတ် ဘဏ်လုပ်ငန်း သို့မဟုတ် စာရင်းကိုင်နှင့်ပတ်သတ်သော အသက် မွေးဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်နှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း လက်မှတ်ရရှိထားသူ၊ သို့မဟုတ်

(ခ) လက်ရှိ ငွေဆိုင်ရာအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ လိုက်နာဆောင်ရွက်ရေး စီမံခန့်ခွဲမှု၊ ငွေနှင့် ငွေထုတ်ချေးသည့် လုပ်ငန်းအတွေ့အကြုံနှင့် စာရင်းဆိုင်ရာ ကိစ္စရပ် များနှင့် ပတ်သတ်၍ လက်တွေ့နှင့် အစဉ်တစိုက် ဆောင်ရွက်ဖူးသည့် အတွေ့အကြုံ ရှိသူ။

၂။ **လုပ်ငန်းအတွေ့အကြုံ**

- ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုတွင် ချေးငွေထုတ်ချေးသည့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၅ နှစ်ရှိသူ၊
- လုပ်ငန်းအတွေ့အကြုံတွင် ချေးငွေထုတ်ချေးခြင်းကိစ္စရပ် စတင်ဆောင်ရွက်ခြင်း၊ ချေးငွေများအပေါ် အကဲဖြတ်သုံးသပ်ခြင်း၊ ချေးငွေ သို့မဟုတ် ငွေရေးကြေးရေး ရင်းနှီးမြှုပ်နှံမှုများကို စီမံခန့်ခွဲခြင်းနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲ ခြင်းများ ပါဝင်သည်၊
- ချေးငွေဌာနကို စီမံခန့်ခွဲခြင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ချေးငွေ များအတွက် ချေးငွေမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန်အောင် ပြုလုပ် ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း များတွင် လုပ်ငန်းအတွေ့အကြုံရှိသူ။

၃။ **အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ**

- အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ချေးငွေများအတွက် အကဲဖြတ် သုံးသပ် ခြင်းနှင့်တာဝန်ခံ၍ ချေးငွေကောက်ခံခြင်းတို့တွင် အသိပညာ ဗဟုသုတရှိခြင်း၊

- ဈေးငွေထုတ်ဈေးသည့် လုပ်ငန်းနှင့်ပတ်သက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအပါအဝင် သက်ဆိုင်ရာဥပဒေများ၊ အသေးစားငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ ညွှန်ကြားလွှာနှင့် လမ်းညွှန်ချက်များနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတရှိခြင်း၊
- ဆုံးရှုံးနိုင်ခြေရှိသော ရရန်ပိုင်ခွင့်များကို စီမံခန့်ခွဲခြင်းနှင့် ဖြေရှင်းမည့် မဟာဗျူဟာ များကို ပိုမိုကောင်းမွန်အောင်ပြုခြင်းတို့တွင် စွမ်းရည်ရှိခြင်း၊
- ဖောက်သည်များအတွက် ဈေးငွေဝန်ဆောင်မှုအသစ်များနှင့် ဖွဲ့စည်းမှုပုံစံများကို ခွဲခြားသိရှိနိုင်ရန် ဖန်တီးတီထွင်သော ချဉ်းကပ်မှုနှင့်အတူ ဈေးငွေမူဝါဒ၊ လုပ်ငန်း စဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သည့် စွမ်းရည် ရှိခြင်း၊
- ဘဏ္ဍာရေးရှင်းတမ်း ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ ဆုံးရှုံးနိုင်ခြေအကဲဖြတ်ခြင်း၊ ငွေကြေးစီးဆင်းမှုလျာထားခြင်း၊ တန်ဖိုးဖြတ်ခြင်း၊ ခံနိုင်ရည်စစ်ဆေးခြင်းနှင့် အခြား ငွေရေးကြေးရေးပုံစံ (financial model) များတွင် ကျွမ်းကျင်မှုရှိခြင်း၊
- ဒေသဆိုင်ရာဈေးကွက်၊ အဖွဲ့အစည်း (ကော်ပိုရိတ်) နှင့် စားသုံးသူဆိုင်ရာ လုပ်ငန်း များတွင် ရင်းနှီးကျွမ်းဝင်မှုရှိခြင်း၊
- ဘဏ္ဍာရေးရှင်းတမ်းများကို နားလည်နိုင်စွမ်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်စွမ်း ရှိခြင်း၊
- ကောင်းမွန်သော ရောင်းချခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ဆက်သွယ် ဆောင်ရွက်မှု ဆိုင်ရာ စီမံခန့်ခွဲခြင်းတို့တွင် ကျွမ်းကျင်မှုရှိခြင်း၊
- ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်နှစ်ခုလုံးတွင် မြင့်မားသော ကိုယ်ကျင့်တရားအဆင့်အတန်းနှင့် ဂုဏ်သိက္ခာရှိခြင်း၊
- အထူးကောင်းမွန်သော ရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု ဆိုင်ရာ တို့တွင် ကျွမ်းကျင်မှုရှိခြင်း။

**ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာအရာရှိချုပ်**

လျှောက်ထားသူသည် အနည်းဆုံး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

၁။ <u>ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း</u>

(က) မြန်မာနိုင်ငံ သို့မဟုတ် ပြည်ပတွင် တရားဝင်အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ သို့မဟုတ် မဟာဘွဲ့ အထူးသဖြင့် စာရင်းကိုင်၊ ဘောဂဗေဒ သို့မဟုတ် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘွဲ့ရရှိသူ သို့မဟုတ် ဘဏ်လုပ်ငန်းနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုတွင် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်နှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း လက်မှတ်ရရှိထားသူ၊ သို့မဟုတ်

(ခ) လက်ရှိ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာ အရာရှိချုပ်အဖြစ် တာဝန် ထမ်းဆောင်နေသူဖြစ်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ် လုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ လိုက်နာဆောင်ရွက်ရေးစီမံခန့်ခွဲမှု၊ ချေးငွေနှင့် ငွေထုတ်ချေးသည့် လုပ်ငန်း အတွေ့အကြုံနှင့် စာရင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သတ်၍ လက်တွေ့နှင့် အစဉ်တစိုက်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိသူ။

၂။ လုပ်ငန်းအတွေ့အကြုံ

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၊ ဘဏ်နှင့် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အခြားအဖွဲ့အစည်းများ၊ ချေးငွေအဆင့်သတ်မှတ်သည့်အဖွဲ့အစည်း၊ ငွေရေးကြေးရေးကုမ္ပဏီ သို့မဟုတ် အလားတူ ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ချေးငွေထုတ်ချေးသည့် သို့မဟုတ် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုပြုသည့် အရာရှိအဖြစ် အနည်းဆုံး ၃ နှစ်အထိ လုပ်ငန်း အတွေ့အကြုံရှိသူ၊
- ချေးငွေအဆင့်ခွဲခြားသတ်မှတ်ခြင်း၊ ငွေရေးကြေးရေး ရင်းနှီးမြှုပ်နှံမှုများကို စီမံခန့်ခွဲခြင်း သို့မဟုတ် ချေးငွေများကိုပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အတည်ပြုခြင်း လုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်း တို့တွင် အတွေ့အကြုံရှိသူ၊
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၊ ဘဏ်နှင့် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အခြားအဖွဲ့အစည်းများတွင် ချေးငွေနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့် ခွဲခြင်းတို့တွင် အတွေ့အကြုံ ရှိသူ၊

- ချေးငွေပေးဆပ်ရန်ပျက်ကွက်ခြင်းနှင့် လိမ်လည်ခြင်းဆိုင်ရာ စီမံခန့်ခွဲခြင်းတို့တွင် အတွေ့အကြုံရှိသူ၊
- ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ စီမံခန့်ခွဲမှုတို့တွင် အတွေ့အကြုံရှိသူ။

၃။ **အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ**

- ဆုံးရှုံးနိုင်ခြေကို ဖော်ထုတ်တွက်ချက်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ နားလည် သဘောပေါက်ခြင်း၊
- ချေးငွေအဆင့်ခွဲခြားသတ်မှတ်ခြင်းနှင့် ချေးငွေအဆင့်သတ်မှတ်ခြင်း သဘော တရားများ နှင့်ပတ်သက်၍ အသိပညာဗဟုသုတရှိခြင်း၊
- ချေးငွေဆိုင်ရာဆုံးရှုံးနိုင်မှု၊ ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်မှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ဆုံးရှုံး နိုင်မှု၊ ငွေဖြစ်လွယ်မှုဆိုင်ရာဆုံးရှုံးနိုင်မှုနှင့် ဘဏ္ဍာရေးရာ အခြေခံသဘော တရားများ တွင် လုပ်ငန်းပိုင်းဆိုင်ရာ ဗဟုသုတနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်သော ကျွမ်းကျင်မှု ရှိခြင်း၊
- ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေနှင့် ရင်းနှီးမြှုပ်နှံမှုအစုစုအပေါ် စီမံခန့်ခွဲခြင်း သဘောတရားများတွင် ကောင်းမွန်သော အသိပညာဗဟုသုတရှိခြင်း၊
- သတင်းအချက်အလက်နှင့် နည်းပညာလုံခြုံမှုအပါအဝင် အခြားသော လုပ်ငန်းပိုင်း ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို နားလည်သဘောပေါက်ခြင်း၊
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဆုံးရှုံးနိုင်ခြေထားရှိလိုမှုအတိုင်းအတာကို တိကျစွာ ရှင်းရှင်းလင်းလင်း ထုတ်ဖော်နိုင်စွမ်းရှိခြင်း၊
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု အခြေခံသဘောတရားများ၊ နည်းလမ်း (ကိရိယာ) များနှင့် ပုံစံများအတွက် ကောင်းမွန်သော ဦးဆောင်မှုပြုနိုင်ခြင်း၊
- ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်နှစ်ခုလုံးတွင် မြင့်မားသော ကိုယ်ကျင့်တရားမဆင့်အတန်းနှင့် ဂုဏ်သိက္ခာရှိခြင်း၊
- အထူးကောင်းမွန်သော ရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှုဆိုင်ရာ တို့တွင် ကျွမ်းကျင်မှုရှိခြင်း။

## ဌာနတွင်းစာရင်းစစ်အရာရှိချုပ်

လျှောက်ထားသူသည် အနည်းဆုံး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

၁။ **ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း**

(က) မြန်မာနိုင်ငံ သို့မဟုတ် ပြည်ပတွင် တရားဝင်အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ သို့မဟုတ် မဟာဘွဲ့ အထူးသဖြင့် စာရင်းကိုင်နှင့် စာရင်းစစ် သို့မဟုတ် အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ စာရင်းကိုင်နှင့် စာရင်းစစ်တို့တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်နှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းလက်မှတ်ရရှိ ထားသူ၊ သို့မဟုတ်

(ခ) လက်ရှိ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွင် ဌာနတွင်းစာရင်းစစ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ် လုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ ချေးငွေနှင့် ငွေထုတ်ချေးသည့် လုပ်ငန်းအတွေ့အကြုံနှင့် စာရင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လက်တွေ့နှင့် အစဉ်တစိုက်ဆောင်ရွက်ဖူးသည့် အတွေ့ အကြုံရှိသူ။

၂။ **လုပ်ငန်းအတွေ့အကြုံ**

- အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ ဌာနတွင်းစာရင်းစစ် သို့မဟုတ် အများပြည်သူ နှင့်သက်ဆိုင်သော စာရင်းကိုင်လုပ်ငန်းတွင် တာဝန် အဆင့်ဆင့်၌ အနည်းဆုံး ၅ နှစ် ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိသူ၊
- စာရင်းစစ်လုပ်ငန်းတစ်ခုတွင် အရည်အသွေး ကောင်းမွန်သည့် စာရင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းကောင်းရှိသည့် အကြီးတန်းစာရင်းစစ် ဒါရိုက်တာ အတွေ့အကြုံရှိသူ၊
- စာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုစနစ်၊ အချက်အလက်များ သိမ်းဆည်းထားမှု၊ ကွန်ယက်နှင့် အခြားဆက်စပ်သော လုပ်ငန်းဆောင်ရွက်မှု စနစ်များ၌ အတွေ့အကြုံရှိသူ။

၃။ **အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ**

- ငွေရေးကြေးရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာစာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ လေးနက်သည့် အသိပညာဗဟုသုတရှိခြင်း၊

- စာရင်းစစ်စံကျင့်ထုံးများနှင့်ပတ်သက်သည့် ကြွယ်ဝသောအသိပညာဗဟုသုတနှင့် ၎င်းတို့အား လက်တွေ့ကျင့်သုံးနိုင်သည့်စွမ်းရည်ရှိခြင်း၊
- အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအတွက် ပြည့်စုံကျယ်ပြန့်သော ဌာနတွင်း စာရင်းစစ် အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊
- စာရင်းစစ်အဖွဲ့များကို ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုပြုနိုင်သည့်စွမ်းရည်ရှိခြင်း၊
- စီမံခန့်ခွဲမှုအဖွဲ့သို့ထိရောက်စွာ အစီရင်ခံစာတင်ပြနိုင်မှုနှင့် စာရင်းစစ် တွေ့ရှိချက်များအပေါ် တုံ့ပြန်ဆောင်ရွက် နိုင်မှု စွမ်းရည်ရှိခြင်း၊
- အထူးကောင်းမွန်သော ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်သည့်၊ စုံစမ်းစစ်ဆေးမှု ပြုနိုင်သည့် ကျွမ်းကျင်မှုနှင့်အသေးစိတ်ကိစ္စရပ်များအထိ အာရုံစိုက်ဆောင်ရွက်နိုင်မှုရှိခြင်း၊
- ဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်း၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ နှင့်စပ်လျဉ်း၍ ကျယ်ပြန့်သည့် အသိပညာ ဗဟုသုတရှိခြင်း၊
- အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေအပါအဝင် သက်ဆိုင်ရာ ဥပဒေများ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်သောစည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ ညွှန်ကြားလွှာနှင့် လမ်းညွှန်ချက်များအား သိရှိနားလည်ခြင်း။
- ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စနှစ်ရပ်လုံးတွင် မြင့်မားသော ကိုယ်ကျင့် တရားအဆင့်အတန်းနှင့် ဂုဏ်သိက္ခာရှိခြင်း၊
- အထူးကောင်းမွန်သောရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင် ရွက်နိုင်မှုဆိုင်ရာ တို့တွင် ကျွမ်းကျင်မှုရှိခြင်း။